စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် မေခရိုစီးပွားရေး မူဝါဒ မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ

(National Workshop on Enhancing Economic Policy
for
Future Economy and Social Development)

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမူဝါဒ

စာတမ်းပြုစုသူ
ဦးစိုးသိန်း
ဥက္ကဋ္ဌ
စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

တင်ပြမှုအစီအစဉ်

(၁) နိဒါန်း

(၂) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍ

(၃) စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(၄) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲရေး

(၅) အခွန်အကောက်များ အခြေအနေ

(၆) မူဝါဒဆိုင်ရာ အကြံပြုချက်

(၇) နိဂုံး

(၈) မေးခွန်းများ ပြန်လည်ဖြေကြားခြင်း

နိဒါန်း

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍ

နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုလက်မှုကဏ္ဍသည် အားကိုးအားထားပြုထိုက်သော ထုတ်လုပ်မှုကဏ္ဍတစ်ရပ် ဖြစ်ပါသည်။

- စက်မှုလုပ်ငန်းများသည် နိုင်ငံသူနိုင်ငံသားများအတွက် အခြေခံ လိုအပ်သော စား၊ဝတ်၊နေရေးဆိုင်ရာ လူသုံးကုန် ပစ္စည်းအမျိုးမျိုးနှင့် စက်မှုကဏ္ဍအပါအဝင် အခြားသောစီးပွားရေးကဏ္ဍများမှလိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းများ၊ အပိုပစ္စည်းနှင့် သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိပါသည်။

- ၎င်းအပြင် စက်မှုလုပ်ငန်းများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အလုပ်အကိုင်သစ်များ ဖော်ထုတ်ပေးနိုင်သည်သာမက နည်း ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၏ ဗဟိုချက်လည်း ဖြစ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စက်မှုလက်မှုကဏ္ဍသည် လွန်စွာအရေးပါနေသည့်အတွက် အောက်ပါကဏ္ဍများအား အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည် -

(၁) လယ်ယာ၊သားငါးထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်မှု (Processing Industry)

(၂) စက်မှုကုန်ပစ္စည်းထုတ်လုပ်မှု (Manufacturing Industry)

(၃) သတ္တုတွင်းထွက်ပစ္စည်းများထုတ်လုပ်မှု (Mining Industry)

(၄) လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု (Consumer Goods Industry)

(၅) ဆောက်လုပ်ရေးလုပ်ငန်း (Construction Industry)

(၆) ဝန်ဆောင်မှုလုပ်ငန်း (Services Industries – Logistics & Transport)

(၇) သတင်းနှင့် နည်းပညာလုပ်ငန်း (IT Industry)

နိုင်ငံအလိုက် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) တွင် စက်မှုလက်မှုကဏ္ဍပါဝင်မှု အချိုးအစား

(၁) မြန်မာနိုင်ငံ - ၂၆ ရာခိုင်နှုန်း

(၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံ - ၄၆. ၈ ရာခိုင်နှုန်း

(၃) အင်ဒိုနီးရှားနိုင်ငံ - ၄၆. ၄ ရာခိုင်နှုန်း

(၄) ထိုင်းနိုင်ငံ - ၄၅. ၆ ရာခိုင်နှုန်း

(၅) ဗီယက်နမ်နိုင်ငံ - ၄၁. ၁ ရာခိုင်နှုန်း

(၆) လာအိုနိုင်ငံ - ၃၁. ၇ ရာခိုင်နှုန်း

(၇) အိန္ဒိယနိုင်ငံ - ၂၈. ၆ ရာခိုင်နှုန်း

(၈) စင်္ကာပူနိုင်ငံ - ၂၇. ၂ ရာခိုင်နှုန်း

- ဖွံ့ဖြိုးစနိုင် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း အတွင်း ရှိကြောင်း သိရပါသည်။

စက်မှုကဏ္ဍဟုဆိုရာတွင် ထုတ်လုပ်မှုကိုသာဆောင်ရွက်သည့် စက်မှုလုပ်ငန်းများ သာမက ထုတ်လုပ်မှုဆောင်ရွက်သည့် စက်မှုလုပ်ငန်းများအား ဝန်ဆောင်မှုဖြင့် ပံ့ပိုးသည့် စက်မှုလုပ်ငန်းများအားလုံးပါဝင်လျက် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

➢နိုင်ငံပိုင်ဝန်ကြီးဌာနများအနေဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့သည် ထုတ်လုပ်မှုအပိုင်းကို ဆောင်ရွက်လျက်ရှိပြီး၊

➢ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုသည့် စွမ်းအင်၊ လျှပ်စစ်၊ လမ်းတံတားဆက် သွယ်ရေးဆိုင်ရာ Infrastructure ပိုင်း တိုးတက်ရေးအတွက် တာဝန်ယူလျက် စီမံကိန်းများဖြင့် အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါ သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အလျောက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အတွင်းရှိ စက်မှုလုပ်ငန်းများကို စစ်ဆေးလမ်းညွှန် ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ချမှတ်တာဝန်ပေးအပ်ခဲ့ပါသည်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မိမိ၏လုပ်ငန်းများ ပီပီပြင်ပြင်ဖြင့် ကဏ္ဍအလိုက် ခွဲခြားဆောင်ရွက်သွားနိုင်ရန် စက်မှုဆိုင်ရာဆပ်ကော်မတီ (၁၂)ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
စက်မှုလုပ်ငန်းကဏ္ဍအလိုက် ဆပ်ကော်မတီများ

(၁) စက်မှုလုပ်ငန်းတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ
(၂) စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၄) လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၅) စားသောက်ကုန်၊ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၆) နေထိုင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းဖွံ့ဖြိုးမှု ဆပ်ကော်မတီ
(၇) လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၈) သံနှင့် သံမဏိလုပ်ငန်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၉) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ
(၁၀) လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေး ဆပ်ကော်မတီ
(၁၁) စွန့်ပစ်ပစ္စည်း/သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် မြှင့်တင်ရေး ဆပ်ကော်မတီ
(၁၂) ရော်ဘာနှင့် ရော်ဘာပစ္စည်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အနေဖြင့် ဦးတည်ဆောင်ရွက်မည့်လုပ်ငန်းများ

(၁) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီပြီး အကြီးစားစက်မှုလုပ်ငန်းများကိုလည်း တိုးမြှင့်ထူထောင်လာနိုင်စေရေး အလေးထားဆောင်ရွက်သွားရန်၊ ထိုမှတဆင့် သွင်းကုန်အစားထိုးထုတ်လုပ်မှုနှင့် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးကို တပြိုင်နက်တည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(၂) စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ စက်ရုံအမျိုးအစားများကို အားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် အပေါ့စားစက်မှုလုပ်ငန်းများ (Light Industry)

(ခ) သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ (Import Substitute Industry)

(ဂ) ပို့ကုန်တိုးမြှင့်နိုင်စေသော စက်မှုလုပ်ငန်းများ (Export Oriented Industry)

(ဃ) အရင်းအနှီးနည်းနည်း၊ စက်ကိရိယာနည်းနည်းနှင့် လူ၏လုပ်အားကို အဓိက သုံးသည့် စက်မှုလုပ်ငန်းများ (Labour Intensive Industry)

(င) စက်နှင့်ယာဉ်ယန္တရားများထုတ်လုပ်သည့်

(၃) စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုဆိုးကျိုး မဖြစ်ပေါ်စေသော ခေတ်မီတိုးတက်သည့် နည်းပညာများသုံးစက်မှုလုပ်ငန်းများ ပေါ်ထွန်းအောင် အားပေးမြှင့်တင်သွားမည် ဖြစ်ပါသည်။

- Clean, Green Technology Factories
- စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရေး၊ စွမ်းအင်လေလွင့်ပြုန်းတီးမှု မရှိစေသည့် လုပ်ထုံးလုပ်နည်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုသော စက်ရုံများ၊ (Energy Saving, Energy Conservation, Renewable Energy use Factories)

(၄) စက်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်အတွက် ကာကွယ်စောင့် ရှောက်သော စက်မှုလုပ်ငန်းများ (ရေဆိုး ရေညစ်၊ အနံ့၊ ဓာတ်ငွေ့ဆိုးများနှင့် ခဲဆိပ်ဓာတ် ငွေ့များစသည်တို့ ကင်းမဲ့စေသောလုပ်ငန်းများ)ကို နည်းပညာအကူအညီပေး ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(၅) စက်မှုကဏ္ဍအတွက် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေး အတွက် တက္ကသိုလ်၊ကောလိပ်၊စက်မှုသင်တန်းကျောင်းများ ထူထောင်ခြင်းကို အားပေး ကူညီသွားမည် ဖြစ်ပါသည်။

(၆) နိုင်ငံတကာအသိအမှတ်ပြု စက်မှုပညာရှင်များ မွေးထုတ်ပေးနိုင်ရေးကို အထောက်အကူပြု ဆောင်ရွက်သွားမည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲရေး

Economic Growth Direction



မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သော Economic Growth Direction အရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးမှစိုက်ပျိုးရေးကို အခြေခံသည့် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်သည့်စက်မှုလုပ်ငန်း (လယ်ယာ၊သားငါးထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်း-Processing Industry) ကို ဦးတည်သွားရင်း Industrialization အနေဖြင့် စက်မှုကုန်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်း - Manufacturing Industry နှင့် Services Industries (Logistics and Transport အပါအဝင်) နှင့် သတင်းနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (IT Services Industry) တို့ကို ဦးတည်သွားမှသာ မိမိနိုင်ငံ၏စီးပွားရေးသည် အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မေခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်

- မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချနိုင်ရန် မေခရိုစီးပွားရေးမူဝါဒများကို အခြေအနေအချိန်အခါပေါ် မူတည်၍ ပြောင်းလဲပေးရန် လိုအပ်ပါသည်။
- မေခရိုစီးပွားရေး မူဝါဒများ မြှင့်တင်ပေးခြင်းဖြင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်မြင့်မား လာအောင် ဖော်ဆောင်ရန်လိုအပ်ပါသည်။
- ကုန်ထုတ်စွမ်းအားစု တိုးတက်မြင့်မားစေရန် ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအားတိုးတက်မြင့်မားရေးအတွက် Quality Drive, Productivity Drive, Financing Drive စသည်တို့ဖြင့် အားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါသည်။



ဖော်ပြပါ Microeconomic Competitiveness တွင် Quality of the National Business Environment, State of Cluster Development နှင့် Sophistication of Company Operations and Strategy ကဏ္ဍများအပေါ် လိုအပ်သည့် ပြောင်းလဲမှုများ တဖြည်းဖြည်းချင်း ဖြစ်ပေါ်နေပါသည်။ အလားတူ Macroeconomic Competitiveness တွင် Social Infrastructure and Political Institutions များ တဆင့်တဆင့် ဖြစ်ပေါ်တိုးတက် လာနေပြီဖြစ်ရာ Macroeconomic Policies များ ကဏ္ဍပြုပြင်ပြောင်းလဲပေးရန် လိုအပ်ချိန်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

အခွန်အကောက်များအခြေအနေ

စက်မှုလုပ်ငန်းများ ပေးဆောင်နေရသည့် အခွန်အကောက်များ

(၁) Withholding Tax (ကုန်ပစ္စည်းပေးသွင်းသူမှ ပေးဆောင်ရခြင်း)

(၂) ဆိပ်ကမ်းခွန် (Import Duty)

(၃) အကောက်ခွန် (Custom Duty)

(၄) ဝင်ကုန်အတွက် လိုင်စင်ခများ (License Fee)

(၅) ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)

(၆) ဝင်ငွေခွန် (Income Tax)

(၇) အမြတ်ခွန် (Profit Tax)

ရသင့်ရထိုက်သော အခွန်အခများဖြင့် နိုင်ငံတော်အတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်-

—နိုင်ငံတော် တိုးတက်ရာ၊ တိုးတက်ကြောင်းအတွက် ဖော်ဆောင်နိုင်ခြင်း

—နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်း

—နိုင်ငံတော်အတွင်း ငွေကြေးစီးဆင်းမှု မှန်ကန်စေနိုင်ခြင်း

—ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းပေးနိုင်ခြင်း

—ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ စုဆောင်းမှုများကို ထိန်းညှိပေးနိုင်ခြင်း

—ထုတ်လုပ်မှုကဏ္ဍတွင် မျှတသောယှဉ်ပြိုင်မှု (Fair Competition) ဖြစ်စေရန် ထိန်းချုပ်ပေးနိုင်ခြင်း

အစိုးရပိုင်စက်ရုံများ၏ အခွန်ပေးဆောင်မှု အခြေအနေ

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်ပြီးကုန်ချောအပေါ် အခွန်ပေးဆောင်ရမှု

စဉ်	ပစ္စည်းအမျိုးအစား	Withholding Tax (%)		ကုန်ကြမ်းပစ္စည်းအပေါ် ပေးဆောင်ရမှု (%)			ကုန်ချောအပေါ် ပေးဆောင်ရမှု	
		ပြည်တွင်း ဝယ်ယူမှု (%)	ပြည်ပ ဝယ်ယူမှု (%)	ဆိပ်ကမ်းခွန် (%)	အကောက်ခွန် (%)	Licence Fee တန်ဖိုးပေါ် ၁၀၀၀၀/- ~ ၅၀၀၀၀/- Commodity Tax	ကုန်သွယ်လုပ်ငန်းခွန် (%)	ဝင်ငွေခွန် (%)
၁	ချည်မှျင်ညို၊အထည်ပိတ်ကြမ်း ၊စွပ်ကျယ်၊ ချည်ကြမ်း၊ ပုဆိုး			(၂၀ပေ သေတ္တာတစ် လုံးလျှင် ၁၁၂၄/-)	၀. ၅	၅ ~၂၀%	၅%	
၂	ချည်ချောထည်အမျိုးမျိုးနှင့် အထည်ချော အမျိုးမျိုး			॥	၁. ၀	၅ ~၂၀%	၁၀%	
၃	ပိုးထည်၊ရေယွန်၊ဒန်ဒီရယ်ချည်တို့ဖြင့် ရက်လုပ်ထားသော အထည်အမျိုးမျိုး			॥	၂. ၀	၅ ~၂၀%	၂၀%	
၄	ဆေးဝါးပစ္စည်းအမျိုးမျိုး၊ဆပ်ပြာရည်၊ ဆပ်ပြာမှုန့်၊ရွှေဝါဆပ်ပြာ			॥	၁. ၀	၅%	၅%	
၅	ပလတ်စတစ်ပစ္စည်းအမျိုးမျိုး			॥	၁. ၅	၁၀%	၁၀%	
၆	ချောကလက်	၃%	၃. ၅%	॥	၁၅. ၀	၂၅%	၂၅%	၃၀%
၇	ဘိလပ်မြေ၊အုတ်၊အမိုးပြား၊ ပန်းကန်နှင့် ကြွေထည် ပစ္စည်းအမျိုးမျိုး၊ကြွေပြား၊ မှန်၊မီးခံအုတ်၊ ကြွေသီး			॥	၁ ~ ၇. ၅	၁၀ ~၂၀%	၂၀%	
၈	စက္ကူ၊သတင်းစာ၊ကတ်ထူစက္ကူ၊ဘိလပ်မြေအိတ်၊ ပျော့ဖတ်ဖြူ /ညို၊ဓာတုဗေဒ ပစ္စည်းအမျိုးမျိုး နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်			॥	၁. ၀	၁၀%	၁၀%	
၉	စက်ဘီးအမျိုးမျိုး၊အပ်ချုပ်စက်အမျိုးမျိုး၊ဖိနပ် အမျိုးမျိုး၊ စတီးလ် ပစ္စည်းအမျိုးမျိုး			॥	၁ ~ ၁. ၅	၁၀ ~၂၀%	၁၀%	
၁၀	ကြွေရည်စိမ်ပစ္စည်းအမျိုးမျိုး			॥	၁ ~ ၁. ၅	၁၀ ~၂၀%	၂၀%	

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ပမှ တင်သွင်းလာသော ပစ္စည်းများအပေါ် အခွန်ပေးဆောင်ရမှု

စဉ်	ပစ္စည်းအမျိုးအစား	Withholding Tax (%)		ကုန်ကြမ်းပစ္စည်းအပေါ် ပေးဆောင်ရမှု (%)			ကုန်ချောအပေါ် ပေးဆောင်ရမှု	ဝင်ငွေခွန် (%)
		ပြည်တွင်းဝယ်ယူမှု (%)	ပြည်ပဝယ်ယူမှု (%)	ဆိပ်ကမ်းခွန် (%)	အကောက်ခွန် (%)	Licence Fee တန်ဖိုးပေါ် ၁၀၀၀၀/- ~ ၅၀၀၀၀/- Commodity Tax	ကုန်သွယ်လုပ်ငန်းခွန် (%)	
၁	မော်တော်ယာဉ်အမျိုးမျိုး			၂.၀	၅.၀	၅ ~ ၁၀%	၂၀%	
၂	တည်ဆောက်ရေးလုပ်ငန်းသုံး ယာဉ်အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုး			၂.၀	၅.၀	၅ ~ ၁၀%	၁၀%	
၃	လယ်ယာသုံးစက်ပစ္စည်းများ၊ လမ်းကြိတ်စက်များ			၂.၀	၁ ~ ၇.၅	၅ ~ ၁၀%	၁၀%	
၄	လယ်ယာသုံးကိရိယာများ			၂.၀	၁ ~ ၇.၅	၅ ~ ၁၀%	၅%	
၅	တုန်ခါလမ်းကြိတ်စက်များ			၂.၀	၁ ~ ၇.၅	၅ ~ ၁၀%	၂၀%	
၆	တာယာအမျိုးမျိုး	၃%	၃.၅%	၀.၂	၁.၀	၃%	၁၀%	၃၀%
၇	စက်နှင့်စက်ကိရိယာအမျိုးမျိုး			၀.၂	၁ ~ ၄	၃%	၂၀%	
၈	ထရန်စဖော်မာနှင့် လျှပ်စစ်မီတာ			၀.၂	၁ ~ ၁.၅	၃%	၂၀%	
၉	ဘက်ထရီအမျိုးမျိုး			၀.၂	၂.၀	၃%	၂၀%	
၁၀	Solar Module များ			၀.၂	၇.၅	၃%	၂၀%	
၁၁	5 Ton Smoke Tube Boiler များ			၀.၂	၁.၅	၃%	၂၀%	

Myanmar Mini Saloon

(၁) ပစ္စည်းတင်သွင်းသူမှ ပေးဆောင်ရမည့် အခွန်အခများ (Withholding Tax) <u>ကျပ်</u>

(က) ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းအတွက်
ကျသင့်အခွန်ရာခိုင်နှုန်း ၃. ၅%

(ခ) ပြည်တွင်းမှ ဝယ်ယူတင်သွင်းခြင်းအတွက်
ကျသင့်အခွန်ရာခိုင်နှုန်း ၃. ၀%

(၂) ကုန်ပစ္စည်းထုတ်လုပ်သူမှ ပေးဆောင်ရသည့် အခွန်အခများ (စက်မှု -၂)

(က)	သွင်းကုန်လိုင်စင်ခွန်		၅၀,၀၀၀. ၀၀
(ခ)	အကောက်ခွန်	၅%	၂၄၈,၅၈၀. ၀၀
(ဂ)	ဆိပ်ကမ်းခွန်	1 Metric Ton	၂၅. ၀၀
	၁,၂၅၅,၃၁၃. ၀၀		
(ဃ)	ကုန်သွယ်လုပ်ငန်းခွန်	၂၀%	၉၁၆,၆၆၀. ၀၀
(င)	အမြတ်ခွန်	၃၀%	၄၀,၀၄၈. ၀၀

ထိုသို့ အခွန်များ စုစုပေါင်း ကျပ် (၁,၂၅၅,၃၁၃. ၀၀) ပေးဆောင်ရခြင်းကြောင့် ပြည်သူသို့ ကျပ် (၅,၅၀၀,၀၀၀) ဖြင့် ရောင်းချခဲ့ခြင်း ဖြစ်ပါသည်။

(၃) ကုန်ချောဝယ်ယူသူမှ ပေးသွင်းရမည့် အခွန်အခများ

(က) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့

Myanmar Double Cab (Grand Tiger)

(၁) ပစ္စည်းတင်သွင်းသူမှ ပေးဆောင်ရမည့် အခွန်အခများ (Withholding Tax) ကျပ်

(က) ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းအတွက်
ကျသင့်အခွန်ရာခိုင်နှုန်း ၃. ၅%

(ခ) ပြည်တွင်းမှ ဝယ်ယူတင်သွင်းခြင်းအတွက်
ကျသင့်အခွန်ရာခိုင်နှုန်း ၃. ၀%

(၂) ကုန်ပစ္စည်းထုတ်လုပ်သူမှ ပေးဆောင်ရသည့် အခွန်အခများ (စက်မှု -၂)

(က) သွင်းကုန်လိုင်စင်ခွန် ၅၀,၀၀၀. ၀၀
(ခ) အကောက်ခွန် ၅% ၉၈၃,၅၈၀. ၀၀
(ဂ) ဆိပ်ကမ်းခွန် 1 Metric Ton ၂၅. ၀၀
၇,၀၃၈,၂၀၅. ၀၀
(ဃ) ကုန်သွယ်လုပ်ငန်းခွန် ၂၀% ၅,၈၃၃,၀၀၀. ၀၀
(င) အမြတ်ခွန် ၃၀% ၁၇၁,၆၀၀. ၀၀

ထိုသို့ အခွန်များ စုစုပေါင်း ကျပ် (၇,၀၃၈,၂၀၅. ၀၀) ပေးဆောင်ရခြင်းကြောင့် ပြည်သူသို့ ကျပ် (၃၅,၀၀၀,၀၀၀) ဖြင့် ရောင်းချခဲ့ခြင်း ဖြစ်ပါသည်။

(၃) ကုန်ချောဝယ်ယူသူမှ ပေးသွင်းရမည့် အခွန်အခများ

(က) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့

ပုဂ္ဂလိကပိုင်စက်ရုံများ အခွန်ပေးဆောင်မှု အခြေအနေ

နိုင်ငံတော်တွင် (၃၀. ၆. ၂၀၁၁)ရက်နေ့စာရင်းအရ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ အရေအတွက် စုစုပေါင်း(၉,၄၂၁) ရှိပါသည်။ အသေးစား (၄,၆၆၉)ရုံ၊ အလတ်စား (၂,၅၆၃)ရုံ၊ အကြီးစား (၂,၁၈၉)ရုံရှိပါသည်။

(၁) သောက်ရေသန့်ထုတ်လုပ်မှု နှင့် အခွန်ပေးဆောင်မှု

(က) Withholding Tax - ၃. ၅% (ပြည်ပမှဝယ်ယူစဉ် ထမ်းဆောင်ရခြင်း)

(ခ) ဆိပ်ကမ်းရောက်ချိန် အကောက်ခွန် (Custom Duty)

(ဂ) ကုန်ချောရောင်းဈေးအပေါ် ကုန်သွယ်ခွန် - ၁၀%

(ဃ) နိုင်ငံတကာ ဈေးကွက်တင်ပို့ချိန် ၊ ပို့ကုန်ခွန် - ၁၀% (ယခု - ၇%)

(၂) မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု နှင့် အခွန်ပေးဆောင်မှု

Engine Power (110 CC) (125 CC)

(ကျပ်) (ကျပ်)

(က) Withholding Tax (၃. ၅%) ၅,၇၀၈. ၅၀

၆,၃၆၀. ၉၀

(ခ) ထုတ်လုပ်သူမှ ပေးဆောင်ရသည့် အခွန်များ

(၁) Import Duty (၅%) ၁၆,၃၀၆. ၆၀

၁၈,၁၆၉. ၀၀

(၂) လိုင်စင်ခွန် ၂၆,၂၅၀. ၀၀ ၂၉,၂၅၀. ၀၀

(၃) ကုန်သွယ်လုပ်ငန်းခွန် ၂၈,၅၇၁. ၅၀

၃၃,၃၃၃. ၀၀

(၄) ဆိုင်ကယ်လိုင်စင်ခွန် (ကညန) ၇၃,၇၀၀. ၀၀

၉၁,၅၉၅. ၀၀

၁၄၄,၈၂၈. ၁၀ ၁၇၂,၃၄၇. ၀၀

(ဂ) ယှဉ်ပြိုင်ရောင်းဈေး ၆၃၀,၀၀၀. ၀၀ ၆၈၀,၀၀၀. ၀၀

(၃) သံထည်ပစ္စည်းလုပ်ငန်း (Mineral Manufacturing) နှင့် အခွန်ပေးဆောင်မှု

စဉ်	ပစ္စည်းအမျိုးအစား	Withholding Tax (%)	ကုန်ကြမ်းပစ္စည်းအပေါ် ပေးဆောင်ရမှု (%)			ကုန်ချောအပေါ် ပေးဆောင်ရမှု	ဝင်ငွေခွန် (%)
		ပြည်ပဝယ်ယူမှု (%)	ဆိပ်ကမ်းခွန် (%)	အကောက်ခွန် (%)	Licence Fee , Commodity Tax	ကုန်သွယ်လုပ်ငန်းခွန် (%)	
၁	Handle		၁၀%	၂၅%	၁ ~ ၅%	၁၀%	
၂	Handle Base Plate		၁၀%	၂၅%	၁ ~ ၅%	၁၀%	
၃	Floor Hinge	၃. ၅%	၁၀%	၂၅%	၁ ~ ၅%	၁၀%	၃၀%
၄	Eye Bolt		၁၀%	၂၅%	၁ ~ ၅%	၁၀%	
၅	Lock Accessories		၁၀%	၂၅%	၁ ~ ၅%	၁၀%	

# (၄)	ပလတ်စတစ်လုပ်ငန်း (Plastic Manufacturing) နှင့်အခွန်ပေးဆောင်မှု

စဉ်	ပစ္စည်းအမျိုးအစား	Withholding Tax (%)	ကုန်ကြမ်းပစ္စည်းအပေါ် ပေးဆောင်ရမှု (%)			ကုန်ချောအပေါ် ပေးဆောင်ရမှု		ဝင်ငွေခွန် (%)
		ပြည်ပဝယ်ယူမှု (%)	ဆိပ်ကမ်းခွန် (%)	အကောက်ခွန် (%)	Licence Fee ,Commodity Tax	Export Tax(%) (ပြည်ပတင်ပို့လျှင်)	ကုန်သွယ်လုပ်ငန်းခွန် (%) (ပြည်တွင်းရောင်းချလျှင်)	
၁	ပလတ်စတစ်အိတ်/ ပီဗွီစီပိုက်အမျိုးမျိုး	၃. ၅%	၀ ~ ၀. ၅%	၃. ၅%	၀. ၀၁၁%	၇%	၁၀%	၃၀%

(၅) ဖိနပ်လုပ်ငန်း (CMP – Cutting Manufacturing Packaging စနစ်) နှင့် အခွန်ပေးဆောင်မှု

စဉ်	ပစ္စည်းအမျိုးအစား	Withholding Tax (%)	ကုန်ကြမ်းပစ္စည်းအပေါ် ပေးဆောင်ရမှု (%)			Export Tax (%)	ဝင်ငွေခွန် (%)
		ပြည်ပဝယ်ယူမှု (%)	ဆိပ်ကမ်းခွန် (%)	အကောက်ခွန် (%)	Licence Fee ,Commodity Tax		
1	Men Footwear (Various Styles and various Sizes)	-	1124 kyat /container	20,000kyat/ container for Exam Fees	တန်ဖိုးအပေါ်မူတည်၍ ပေးဆောင်ရပါသည်။ ၀. ၀၁၁%	၁၀%	၃၀%

မူဝါဒဆိုင်ရာ အကြံပြုချက်များ

တိုင်းပြည်ဝင်ငွေတွင် အခွန်အကောက်များ ပါဝင်မှု (ရာခိုင်နှုန်း)

No	Country	Tax Revenue as percentage of GDP				
		1980	1990	2000	2005	2006
1	Indonesia	21.8	18.8	16.5	17.7	19.1
2	Malaysia	23.5	24.8	17.4	20.5	21.6
3	* Myanmar	9.6	9.6	4.2	3.7	-
4	Philippines	12.5	16.6	15.3	15.0	16.2
5	Singapore	17.5	32.4	30.3	22.8	-
6	Thailand	13.1	18.9	15.1	17.5	17.6

Source : ADB, Key Indicators, various issues

အာဆီယံနိုင်ငံများ၏ ပို့ကုန်နှင့် သွင်းကုန်နှုန်းထားများ

စဉ်	နိုင်ငံ	အခွန်နှုန်းထားများ		အထွေထွေစားသုံးမှု အခွန်များ (General Consumption Tax)	မှတ်ချက်
		ပို့ကုန်	သွင်းကုန်		
၁	အင်ဒိုနီးရှား	၀%	၀ ~ ၄၀%	၁၀%	VAT
၂	မြန်မာ	၈%	၀ ~ ၂၀၀%	၁၀%	Non VAT
၃	မလေးရှား	၀%	၂၈ %	၁၀%	Non VAT
၄	ဖိလစ်ပိုင်	၀%	၃၂ %	၁၀%	VAT
၅	ထိုင်း	၀%	၃၇ %	၇%	VAT
၆	ဗီယက်နမ်	၀%	၅၀ %	၁၀%	VAT
၇	ကမ္ဘောဒီးယား	၀%	၂၀ %	၁၀%	VAT
၈	လာအို	၀%	၃ ~ ၁၅%	၅%	Non VAT
၉	စင်ကာပူ	၀%	၃ %	၅%	VAT
၁၀	ဘရူနိုင်း	၀%	-	-	Non VAT

Source : National AFTA Unit

အာဆီယံနိုင်ငံများ၏ နိုင်ငံ့ဝင်ငွေတွင် အမျိုးမျိုးသော အခွန်အခများ ပါဝင်မှု ရာခိုင်နှုန်း

No	Countries	Tax Components	1980	1990	1997
1	Indonesia	Taxes on income	17.9	11.6	**10.4**
		Taxes on goods and services	2.0	4.4	5.1
		Taxes on international trade	1.7	1.2	0.5
2	Malaysia	Taxes on income	9.9	8.3	**9.8**
		Taxes on goods and services	4.4	5.5	6.4
		Taxes on international trade	8.7	4.9	2.6
3	Myanmar	Taxes on income	0.5	1.8	**1.4**
		Taxes on goods and services	6.8	2.9	2.4
		Taxes on international trade	2.4	1.4	0.8
4	Philippines	Taxes on income	3.0	4.6	6.8
		Taxes on goods and services	5.9	5.0	5.5
		Taxes on international trade	3.4	4.1	3.9
5	Singapore	Taxes on income	8.2	6.8	**6.7**
		Taxes on goods and services	4.0	4.2	4.7
		Taxes on international trade	1.7	0.5	0.3
6	Thailand	Taxes on income	2.5	4.5	5.7
		Taxes on goods and services	6.6	7.7	7.6
		Taxes on international trade	3.7	4.1	2.2

Source : IMF, Government Finance Statistics Yearbook, various issues

အကြံပြုတင်ပြချက်များ

❖ ဝင်ငွေခွန်ထမ်းဆောင်ရမည့် နိုင်ငံသားအားလုံးထံမှ အခွန်ငွေများ မှန်မှန်ကန်ကန် ကောက်ခံရရှိရန် လိုအပ်ပါသည်။

❖ အခွန်ထမ်းပြည်သူအားလုံး တပြေးညီလိုက်နာကျင့်သုံးနိုင်စေမည့် နည်းစနစ်ကောင်းများကို သက်ဆိုင်ရာပညာရှင်များ၏ အကူအညီဖြင့် ဖန်တီး၍ ဝင်ငွေခွန် ကောက်ခံခြင်းဆိုင်ရာ ဥပဒေများအား သုံးသပ် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

❖ နိုင်ငံအတွင်းအသုံးပြုလျက်ရှိသော ငွေကြေးများကို ဘဏ်များသို့ ရောက်ရှိစေကာ မြင်သာထင်သာရှိသော ငွေစာရင်းလွှဲပြောင်းမှုစနစ် ဖြစ်ပေါ်စေရေး ဖော်ဆောင်ရန် လိုအပ်ပါသည်။

- နိုင်ငံတော်မှ စီးပွားရေးအခွင့်အလမ်းကောင်းများကို ဥပဒေနှင့်အညီ ရယူသုံးစွဲခွင့် ဖန်တီးပေးသကဲ့သို့ နိုင်ငံသားများအနေဖြင့်လည်း အပြန်အလှန်အားဖြင့် ထမ်းဆောင် သင့်သည့် အခွန်အရပ်ရပ်ကို အပြည့်အဝပေးဆောင်စေရန် တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

- နိုင်ငံတော်၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) တွင် အခွန်ကောက်ခံရရှိမှုသည် ၃ ရာခိုင်နှုန်းသာ ရှိသေးသဖြင့်၊ အချိုးအစားပါဝင်မှု မြှင့်တင်ရန် လိုအပ်မည် ဖြစ်ပါသည်။

- အခွန်ငွေများ ပိုမိုရရှိရေးကောက်ခံရာတွင် အဆင်ပြေလွယ်ကူသည့်နေရာမှ အလွန်အမင်း ကောက်ခံခြင်းနည်းလမ်းအစား၊ ဥပဒေနှင့်အညီ မျှမျှတတ၊ မလွတ်တမ်း ကောက်ခံသည့် နည်းလမ်းကို အသုံးပြုသင့်ပါသည်။

- ပို့ကုန်ဝင်ငွေ (Export Income) မှ ယခင် ၁၀% (ယခု ၇%) ကောက်ခံနေခြင်း သည် နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်ရေးကို အတားအဆီးသဖွယ် ဖြစ်နိုင်သဖြင့် သတိပြုသင့်ပါသည်။
- ပြည်ပမှဝယ်ယူခြင်းများအတွက် Withholding Tax (၃.၅%)နှင့် ပြည်တွင်းမှ ဝယ်ယူခြင်းများအတွက် Withholding Tax (၃%)တို့သည် ပစ္စည်းရောင်းသူမှ ပေးရန်ဖြစ်သော်လည်း၊ အမှန်တကယ်အနေအထားအရ နိုင်ငံတော်ဝင်ငွေများသာ ဖြစ်ပြီး အသားတင်အခွန်မဟုတ်နိုင်ကြောင်း လေ့လာရရှိပါသည်။ ရည်ရွယ်ချက် မှန်ကန်မည်ဖြစ်သော်လည်း အကျိုးရလဒ် (Result) အား စိစစ်သင့်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။
- နိုင်ငံတော်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ၏ လုပ်ငန်းခွဲ့ထွင်တိုးခဲ့မှုမှ ပေးသွင်း သော အခွန်အခများ၊ ပြည်သူ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်မှ အချိုးကျ ထည့်ဝင် သော အခွန်အခများသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အရေးပါသော အချက် ဖြစ်သည်ကို ပြည်သူအားလုံးသိမြင်ပြီး တာဝန်သိသိ အခွန်ထမ်းလိုစိတ်ဖြင့် ဆောင်ရွက်စေရန် လိုအပ်ပါသည်။

- ❖ အဆိုပါ တာဝန်သိသိအခွန်ထမ်းလိုစိတ် ဖြစ်ပေါ်စေရန်အတွက် အခွန် ရှောင်တိမ်းခြင်း၊ အခွန်လျှော့ပေါ့ပေးဆောင်ခြင်းများကို တားဆီးစေနိုင်သည့် ထင်သာမြင်သာရှိသော အခွန်ကောက်ခံမှု၊ စစ်ဆေးမှုများဖြင့် ထိန်းကျောင်းဆောင်ရွက်သင့်ပါသည်။ (Transparency , Accountability)
- ❖ နိုင်ငံတော်မှ ဥပဒေအရသတ်မှတ်ထားသောအခွန်ငွေများ မှန်မှန်ကန်ကန် ရရှိရေးအတွက် နည်းလမ်းများ ကြံဆခြင်း၊ Monitor လုပ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ လိုအပ်ပါက ဝန်ထမ်းများ တိုးချဲ့ခန့်ထားတာဝန်ပေးခြင်းတို့အပြင် အခြားနိုင်ငံအချို့ကဲ့သို့ ကန်ထရိုက်စနစ်ဖြင့် အခွန်ကောက်ခံခြင်းများ ဆောင်ရွက်သင့်ပါသည်။
- ❖ နိုင်ငံတော်အနေဖြင့် အခွင့်ထူးခံ Permit များကိစ္စ၊ စီမံကိန်းများတွင် အခွန်ကင်းလွတ်နေမှု၊ ဇိမ်ခံမော်တော်ယာဉ်များ တင်သွင်းခွင့်ပေးနေမှုများကိုလည်း စိစစ်ဆောင်ရွက်သင့်ပါသည်။ ထိုသို့ လူတစ်စု၊လူတစ်ဖွဲ့အတွက် ငွေပိုမိုရရှိအောင် တရားဝင် နည်းလမ်းမှလည်းကောင်း၊ မသင့်မလျော် နည်းလမ်းများဖြင့်လည်းကောင်း ဆောင်ရွက် တင်သွင်းခွင့်ပေးနေခြင်းများသည် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်စေပါသည်။

❖ အခွန်ငွေသတ်မှတ်ခြင်းသည် ငွေကြေးဆိုင်ရာ စာရင်းဇယားမှန်ကန်မှုပေါ်တွင် မူတည် နေသဖြင့်၊ ဌာနတွင်းစာရင်းစစ်များအပြင် ပြင်ပလိုင်စင်ရစာရင်းစစ် (External Audit) များဖြင့် Check & Balance ဆောင်ရွက်ပါက ပိုမိုထိရောက်စေနိုင်ပါသည်။

❖ အာဆီယံနိုင်ငံအများစုတွင် ဝင်ငွေခွန်သည် အရေးပါဆုံးဖြစ်ပြီး၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌ ကုန်စည်ခွန်နှင့် ဝန်ဆောင်မှုခွန်တွင် အလေးထားကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင်ကုန်ချောသွင်းသည့်အခွန်နှင့် ကုန်ကြမ်းသွင်းသည့် အခွန်နှုန်းထားများ တူညီနေသဖြင့် ကုန်ချောမှာ အခွန်တစ်ကြိမ်တည်းဖြင့် ပြီးနိုင်သော်လည်း၊ ကုန်ကြမ်းတင်သွင်းမှုမှာ ကုန်ချောထွက်သည့် အဆင့်များ၌အခွန်ထပ်မံပေးဆောင်နေရသည်ကို တွေ့ရပါသည်။

- ပြည်ပမှတင်သွင်းသည့် ကုန်ချောပစ္စည်းနှင့် ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ကုန်ချောပစ္စည်းတို့၏ ရောင်းဈေးနှုန်းသည် ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သဖြင့် အများစုသည် ကုန်ချောတင်သွင်းမှုကိုသာ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရန်ကြိုးစားလျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ဖြစ်၍ ကုန်ကြမ်းတင်သွင်းသူအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ စဉ်းစားပေးသင့်ပါသည်။
- ထိုကဲ့သို့ ကုန်ကြမ်းတင်သွင်းမှုကိုအားပေး၍ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်မှသာ နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရေးကို အထောက်အကူပြုမည် ဖြစ်ပါသည်။
- နိုင်ငံတော်၏ စွမ်းအင်အခက်အခဲကို ပြေလည်စေနိုင်သော Solar Energy ကဲ့သို့ Renewable Energy ထုတ်လုပ်နိုင်မည့် Raw Material များကို အခွန်ကင်းလွတ်ခွင့် ပြုသင့်ပါသည်။

- စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး၊ ထုတ်ကုန်အမယ်သစ်များ ဈေးကွက် ကျယ်ပြန့်လာစေရန် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သော အဆင့်မီ ထုတ်ကုန်ပစ္စည်းများကို အစိုးရဌာနများမှ ဦးစားပေး သုံးစွဲနိုင်ရန် အတွက် Tender Favour စနစ်ကို အားပေးသင့်ပါသည်။

- ကုလသမဂ္ဂ၏ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goal - MDG) တွင် ရည်မှန်းချက်တစ်ရပ်အဖြစ်ပါဝင်သော ဆင်းရဲနွမ်းပါးမှု လျော့ချရေး ဆောင်ရွက်ချက်များနှင့် ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျင့်သုံးနေသော အခွန်စနစ်မှ အားနည်း ချက် များကို ပြန်လည်သုံးသပ်သင့်ပါသည်။

Selected Countrywise GDP per Capita Chart



❖ စက်မှုနိုင်ငံအဖြစ်သို့ အမြန်ရောက်စေရန် တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းဝင်ငွေ တိုးစေရန်၊ ပြည်သူများဆင်းရဲမှုလျော့ပါးစေရန်အတွက် အဓိကအကြောင်းအချက်မှာ တစ်ဦးချင်းထုတ်လုပ်မှု တိုးတက်စေရန် ဘက်ပေါင်းစုံမှ ကူညီပေးရန် လိုအပ်ပါသည်။ ထို့အတူ နိုင်ငံတော်မှလိုအပ်သည့် မူဝါဒပေါ်လစီများကို လိုက်လျောညီထွေ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

❖ စက်မှုကဏ္ဍ မှန်မှန်နှင့်မြန်မြန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်စေမည့် Economic Policy များဖြစ်သော Fiscal Policy, Monetary Policy, Trade Policy, Investment Policy, Industrial Policy, Agricultural Policy, Energy Policy, Social Policy တို့ကို အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်အောင် ဖြည့်စွက် ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းမှသာလျှင် အခြေခံကျသော ပုဂ္ဂလိကအခန်းကဏ္ဍ တိုးတက်မြင့်မားလာမည်ဟု ယူဆ ပါသည်။

Stages of Economic Development



- လက်ရှိမြန်မာ့စက်မှုလုပ်ငန်းသည် Factor Driven Economy အဆင့်သာသာတွင် ရှိနေကြောင်း တွေ့ရပါသည်။ ဆိုလိုသည်မှာ Basic Requirement 60%, Efficiency Enhancers 35%, Innovation Sophistication 5% ဟု သုံးသပ်မိပါသည်။ထို့မှတဆင့် Investment Driven Economy သို့ ပြောင်းသွားရပါမည်။
- သို့ပါ၍ ထိုအဆင့်များသို့ တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းနိုင်ရန် စက်မှုလုပ်ငန်းများ၏ ပို့ကုန်/ သွင်းကုန် အထောက်အပံ့ဖြစ်စေမည့် Macroeconomic Policy ကို သုံးသပ်ပြုပြင် ပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

နိုၚ်း

ပြည်သူမှရွေးကောက်တင်မြှောက်ထားသော အစိုးရဖြစ်သည့်အတွက် ပြည်သူများ အကျိုးရှိမည့်ကိစ္စ၊ ပြည်သူများကျန်းမာချမ်းသာ စီးပွားတိုးမည့်ကိစ္စကို အလေးအနက် ထားဆောင်ရွက်ရမည်ဟု ခံယူပါသည်။ မည်သည့်ကိစ္စ၊ မည်သည့်အကြောင်းခြင်းရာ ဖြစ်စေ၊ ခွဲခြမ်းစိတ်ဖြာဆင်ခြင်သုံးသပ် ဆောင်ရွက်ရမှာဖြစ်ပေမဲ့ စီးပွားရေးကိစ္စများ အနေနဲ့တော့ တွေဝေတုံ့ဆိုင်းနေလို့မရနိုင်ပါ။ ပြည်သူများခံစားနေရသော အခက်အခဲ များသည် အခြေအနေအချိန်အခါ ဒေသဆိုင်ရာစီးပွားရေး ဖြစ်ပေါ်ပြောင်းလဲ နေမှုများ နှင့် ဆက်စပ်မှုရှိကြောင်း တင်ပြအပ်ပါသည်။ အချိန်ကိုက် လုပ်ဆောင်မှုများ (Right Timing)၊ ပြုပြင်ပြောင်းလဲမှုများ (Flexibility)၊ ရဲဝံ့ပြတ်သားစွာဆုံးဖြတ်ချက်ချမှတ်ခြင်း (Bold Decision)၊ တွက်ချက်စွန့်စားမှု (Risk Management / Calculated Risk) တို့ဖြင့် Macroeconomic Policy များကို ပြုပြင်သင့်ပါသည်။ အထူးသဖြင့် ဝင်ငွေအပေါ် အလေးထားကောက်ခံသော အခွန်စနစ်သစ် (Tax on Income) တစ်ရပ် ပြုပြင်ပြဋ္ဌာန်း သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မေးခွန်းများပြန်လည်ဖြေကြားခြင်း

ကျေးဇူးအထူးတင်ပါသည်။